# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 12 , 2022 Volume 59, Number 7


**၁၂.၁၀.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၆၉ US$ |
| မြန်မာ့ရွှေဈေး | = ၂၅၀၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၉၃၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၃၈.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၆၂.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၂၄.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၆.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၉၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၂၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၂/ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၄၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၁၅၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာ့တည်းသီးကို ဘင်္ဂလားဒေ့ရှ် ဝယ်လိုအားများ၊ (၆)လအတွင်း တန် ၇၂၀ ကျော် တင်ပို့ထားနိုင်



သတင်း – BETV Business

မြန်မာ့တည်းသီးကို ဘင်္ဂလားဒေ့ရှ် ဈေးကွက်မှာ နှစ်ခြိုက်စွာ စားသုံးတဲ့ကုန်ပစ္စည်းဖြစ်လို့ ဝယ်လိုအားအမြဲရှိတယ်လို့ သိရှိရပါတယ်။ တည်းသီးက မောင်တောကုန်သွယ်ရေးစခန်းကနေ ဘင်္ဂလားဒေ့ရှ်ဈေးကွက်ကို တင်ပို့နေတဲ့ ပို့ကုန်အမယ်တစ်ခုဖြစ်ပြီး ယခုဘဏ္ဍာနှစ်ဝက်အတွင်း တန်ချိန် ၇၂၀ ကျော်အထိ တင်ပို့ရောင်းချထားပါတယ်။ ရန်ကုန်တိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တို့က ထွက်ရှိတဲ့ တည်းသီးတွေကို တင်ပို့နေတာဖြစ်ပြီး ဒေသတွင်း ရောင်းချမှုရှိသလို စီးပွားဖြစ် ဝယ်ယူစုဆောင်းပြီး ပြည်ပဈေးကွက်ကို ထိုးဖောက်ရောင်းချနေပါတယ်။

Source: BETV Business

## မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်တန်ဖိုး ဆက်လက်လျော့နည်းနေပြီး ယခင်နှစ်ကာလတူ ပို့ကုန်တန်ဖိုးထက် ဒေါ်လာ ၁၁၅ သန်းကျော်လျော့ကျ

မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်တန်ဖိုး ဆက်လက်လျော့နည်းနေပြီး ယခင်နှစ်ကာလတူ ပို့ကုန်တန်ဖိုးထက် ဒေါ်လာ ၁၁၅ သန်းကျော် လျော့ကျနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကုန်သွယ်မှုဆိုင်ရာကိန်းဂဏန်းများအရ သိရသည်။

ပို့ကုန်တန်ဖိုးကို ဒေါ်လာဖြင့်သွင်းပြီး ကျပ်ငွေဖြင့် ပြန်ထုတ်ယူရသည့် ကုန်သွယ်ရေးမူဝါဒ အပြောင်းအလဲဖြစ်ကတည်းက မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ ထိုင်းနိုင်ငံသို့ တင်ပို့မှု လျော့ကျလာခြင်းဖြစ်သည်ဟု နယ်စပ်ကုန်သည်များထံမှ သိရသည်။

မြဝတီနယ်စပ်စခန်းမှ ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက် မှ စက်တင်ဘာ ၃၀ ရက်အထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၁၅၇ ဒသမ ၅၅၄ သန်းရှိပြီး ယခင်နှစ်ကာလတူတွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂၂၉ ဒသမ ၀၆၂ သန်းရှိသဖြင့် နှိုင်းယှဉ်ပါက လက်ရှိကုန်သွယ်မှုပမာဏမှာ ယခင်နှစ် ကာလတူကထက် အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၅၀၈ သန်း လျော့ကျနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရသည်။

လက်ရှိဘဏ္ဍာနှစ် စက်တင်ဘာ ၃၀ ရက်အထိ မြဝတီနယ်စပ်စခန်းမှ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၃၂ ဒသမ ၆၀၃ သန်း တင်ပို့ထားပြီး ယခင်နှစ်ကာလတူက ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၄၈ ဒသမ ၃၁၉ သန်းရှိသဖြင့် လက်ရှိဘဏ္ဍာနှစ် ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၅ ဒသမ ၇၁၆ သန်း လျော့ကျခဲ့ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုတွင် မြန်မာဘက်မှ ပို့ကုန် တင်ပို့မှု တန်ဖိုးဒေါ်လာ ၃၂၈၇ သန်းကျော်ရှိပြီး ထိုင်းဘက်မှ သွင်းကုန်တန်ဖိုး ဒေါ်လာသန်း ၁၉၈၀ ကျော်သာ ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာလကုန်အထိ မြန်မာဘက်မှ ပို့ကုန်တင်ပို့မှု တန်ဖိုး ဒေါ်လာ ၃၀၉၅ ဒသမ ၉၈၈ သန်းရှိသည်။ ထိုင်းဘက်မှ သွင်းကုန်တန်ဖိုးဒေါ်လာ ၂၀၂၁ ဒသမ ၉၂၅ သန်းဖြင့် ကုန်သွယ်မှု ပမာဏ ဒေါ်လာ ၅၁၁၇ ဒသမ ၉၁၃ သန်းရရှိခဲ့ကြောင်း သိရသည်။

Source: https://news-eleven.com/article/238700

## မြန်မာနိုင်ငံ-ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်နိုင်ငံအစိုးရအချင်းချင်း သဘောတူညီမှုအရ မြန်မာ့တန်းမြင့်ဆန် စတင်တင်ပို့



https://www.commerce.gov.mm



https://www.commerce.gov.mm

ရန်ကုန်မြို့ရှိ ဆူးလေဆိပ်ကမ်းတွင် ဆိုက်ကပ်ရောက်ရှိနေသော MV VTC Ocean သင်္ဘောဖြင့် မြန်မာ့တန်းမြင့်ဆန် တန်ချိန် (၂၁၃၀၀) တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မှု စတင်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါ သင်္ဘောတင်ပို့မှုသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ဦးဆောင်စီစဉ်မှုဖြင့် နှစ်နိုင်ငံအစိုးရအချင်းချင်း သဘောတူညီထားမှုအရ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ စီစဉ်တင်ပို့ခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စားနပ်ရိက္ခာဦးစီးဌာနတို့ အကြား တန်းမြင့်ဆန် ၅ % တန်ချိန် (၂၅၀၀၀၀) စာချုပ် ချုပ်ထားပြီး ဖြစ်ကြောင်းနှင့် ယခု MV VTC Ocean သင်္ဘောဖြင့် တင်ပို့မှုသည် အဆိုပါ စာချုပ်အား စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**Source:**https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%80%BA%E1%80%86%E1%80%AF%E1%80%B6%E1%80%B8%E1%80%9B-

## မြန်မာ့ငရုတ်အစိုဝယ်ယူရန် စင်ကာပူနိုင်ငံက ကမ်းလှမ်းလာသဖြင့် ငရုတ်ထွက်ရှိချိန်တွင် စမ်းသပ်တင်ပို့မည်



https://www.myawady.net.mm/node/31299

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသော ငရုတ်အစိုကိုဝယ်ယူရန် စင်ကာပူနိုင်ငံက ကမ်းလှမ်းလာသဖြင့် ငရုတ်ထွက်ရှိချိန်တွင် စမ်းသပ်တင်ပို့မည်ဖြစ်ကြောင်း မြန်မာ့ငရုတ်သီးဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်၏ ပြောကြားချက်အရ သိရသည်။

ထိုသို့ကမ်းလှမ်းရာတွင် မိုးမျှော်ငရုတ်သီးကို ဝယ်ယူရန် ကမ်းလှမ်းခြင်းဖြစ်သော်လည်း မိုးမျှော်ငရုတ်သီးမှာ လက်ရှိတွင်ထွက်ရှိမှု နည်းပါးနေသေးသောကြောင့် ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိမည့် ငရုတ်များကို စမ်းသပ်တင်ပို့ရန် ဆွေးနွေးထားသည်။

“စင်ကာပူနိုင်ငံက မြန်မာ့ငရုတ်အစိုကို ဝယ်ယူဖို့ ကမ်းလှမ်းလာတယ်။ ဒီအချိန် မြန်မာနိုင်ငံ အထက်ပိုင်းဒေသဘက်မှာလည်း ငရုတ်လက်ကျန်နည်းနေပြီ။ အဲဒီအတွက် ဧရာဝတီတိုင်း ဒေသကြီးဘက်က ငရုတ်ထွက်ရှိတော့မှပဲ အရင်စမ်းသပ်တင်ပို့မယ်လို့ အကြောင်းပြန်ထားပါတယ်။ အခုမှစပြီး ဝယ်ယူချင်တာဆိုတော့ မိုးမျှော်သီးတွေကို လိုချင်နေတယ်။ မိုးမျှော်သီးကဒီဘက်မှာ အထွက်နည်းနေသေးတယ်။ ဒါ့ပြင် ဆွတ်ခူးဖို့ အလုပ်သမားအခက်အခဲရှိတော့ ဧရာဝတီတိုင်း ဒေသကြီးဘက်က

ထွက်ရှိတော့မှ သဘော်ာနဲ့တင်ပို့မှာပါ” ဟု ဒေါ်ဥမ္မာကျော်က ပြောသည်။

ပြည်တွင်းမှ ငရုတ်များကို မလေးရှားနှင့် တရုတ်နိုင်ငံတို့ အပါအဝင် တခြားနိုင်ငံများသို့ တင်ပို့လေ့ရှိကြောင်း၊ ငရုတ်ကို မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ အဓိက စိုက်ပျိုးလေ့ရှိပြီး လတ်တလောတွင် မန္တလေးတိုင်းဒေသကြီးရမည်းသင်းဒေသမှ ငရုတ်များထွက်ရှိနေကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/31299

## မိုးရာသီ ဖရဲသီးဈေးကွက် ဈေးမရဖြစ်နေပြီး လာမည့်ဆောင်းရာသီ တင်ပို့ရာသီတွင် ဈေးကွက်ရရေးစောင့်ကြည့်ရမည်




လက်ရှိ တရုတ်သို့ ဖရဲသီး တင်ပို့ရာတွင် ဈေးမရဖြစ်နေပြီး လာမည့် ဆောင်းရာသီတင်ပို့ရာသီ အသီးလှိုင်လှိုင်ပေါ်ချိန်တွင် ဈေးကွက်ရမရ စောင့်ကြည့်ရမည် ဖြစ်ကြောင်း မူဆယ် ၁၀၅မိုင် သစ်သီးဝလံ ကုန်စည်ဒိုင်မှ သိရသည်။

အမှန်တကယ် တင်ပို့သည့် ရာသီမရောက်သေးကြောင်းသိရပြီး မိုးရာသီ ပုံမှန်ပြည်တွင်း၌ အထွက်နှုန်းလျော့ကျနေခြင်း၊ တင်ပို့မှု ကြန့်ကြာနေ၍ တချို့တောင်သူများ လျော့ချစိုက်ပျိုးနေခြင်းတို့ကြောင့် လက်ရှိတင်ပို့မှု နည်းနေသလို မိုးဖရဲသီးများဖြစ်၍ ဈေးမရခြင်းတို့ ဖြစ်နေရခြင်း ဖြစ်ကြောင်းသိရသည်။

“ လာမည့် ဆောင်းရာသီ ဈေးကွက်ကတော့ အရည်သွေးလဲ ကောင်းလာမယ် ။ နောက်တကယ်လဲ သူတို့ရဲ့ ၁၂ လ ဝန်းကျင် ဆောင်းရာသီ ဝယ်လိုအားက တရုတ်ပြည်၊ အိန္ဒိယက ထွက်နှုန်းလျော့ကျနေခြင်း၊ တင်ပို့မှု ကြန့်ကြာနေ၍ တချို့တောင်သူများလျော့ချစိုက်ပျိုးနေခြင်းတို့ကြောင့် လက်ရှိတင်ပို့မှုနည်းနေသလို မိုးဖရဲသီးများဖြစ်၍ ဈေးမရခြင်းတို့ ဖြစ်နေရခြင်း ဖြစ်ကြောင်းသိရသည်။

“ လာမည့် ဆောင်းရာသီ ဈေးကွက်ကတော့ အရည်သွေးလဲ ကောင်းလာမယ် ။ နောက်တကယ်လဲ သူတို့ရဲ့ ၁၂ လ ဝန်းကျင် ဆောင်းရာသီ ဝယ်လိုအားက တရုတ်ပြည်၊ အိန္ဒိယကထွက်တဲ့ အသီးတွေလဲ ကုန်လာတော့ မြန်မာသီးကို စောင့်ပြီးဝယ်ကြတယ်၊ အဲ့ချိန်ကြမှ ဈေးကွက်အဖွင့်ကို စောင့်ကြည့်ရမယ်။ တကယ်ဝယ်ရမဲ့ အချိန်ရောက်လာမှပဲ အရင်နှစ်တွေထက် လျော့နေသလား၊ တိုးသလား သုံးသပ်ရမှာပဲ ” ဟု မူဆယ် ၁၀၅မိုင် သစ်သီးဝလံ ကုန်စည်ဒိုင် ဒုဥက္ကဋ္ဌ ဦးအောင်သက်ဦး ကပြောသည်။

လာမည့် ဆောင်းရာသီတွင် ဖရဲသီးတင်ပို့မည့် ယာဉ်များအနေဖြင့် တင်ပို့သည့်နေရာတွင် ကိုဗစ်ရောဂါ မပြန့်ပွါးစေရန် စည်းမျဉ်းစည်းကမ်းဖြင့် စနစ်တကျ လိုက်နာကိုင်တွယ်နိုင်ရန် ပြင်ဆင်ထားသင့်ကြောင်း မူဆယ်ကုန်စည်ဒိုင်က ဆိုသည်။ “ ရောဂါပိုးနဲ့ ပတ်သက်ပြီး တရုတ်ဖက်က တင်းတင်းကြပ်ကြပ် လုပ်တုန်းပဲ။ လောလောဆယ် မိုးရာသီတင်ပို့မှုကတော့ ပုံမှန် ငါးရက်လောက်ကြာပြီးတော့ အခု လောလောဆယ် ကားနည်းတော့ တစ်ညအိပ်နှစ်ရက်လောက်နဲ့ ရောက်တယ်။ အသီးရာသီ ရောက်ရင်တော့ စောင့်ကြည့်ရမှာပေါ့။ မိုးရာသီဈေးကွက်ကတော့ အရင်နှစ်အတိုင်းပါပဲ ” ဟု ဦးအောင်သက်ဦးက ဆက်လက်ပြောသည်။

လက်ရှိ နယ်စပ်ဂိတ်များတွင် ကိုဗစ်ပိုး တွေ့ရှိမှုကြောင့် တရုတ်ဘက်မှ မကြာခဏဆိုသလို လော့ဒေါင်းချမှတ်မှုများနှင့် အသီးလက်ကျန်နည်းနေသည့် ဖရဲသီးများ တင်ပို့မှု လျော့ကျနေကြောင်း သစ်သီးဝလံ ကုန်စည်ဒိုင်များမှ သိရသည်။ ယခင်နှစ်စပိုင်းက တရုတ်ဘက်သို့ ဖရဲသီး တရုတ်ကား အစီးရေ ၂၀ စီးမှ ၃၀ စီးသာ ဝင်ရောက်နိုင်ခဲ့ပြီး လက်ရှိတွင် တစ်ပတ်မှာ တစ်စီး နှစ်စီးခန့်သာ ဝင်ရောက်မှုရှိနေကြောင်း သိရသည်။ ဆယ်လပိုင်းကုန်မှသာ ဖရဲရာသီစမှာဖြစ်၍ လက်ရှိ လက်ကျန် မိုးဖရဲများသာ ဝင်ရောက်နေကြောင်း သိရသည်။

တရုတ်ဘက်တွင် ဖရဲသီးများ ဈေးကောင်းမရသည့်အတွက် မိုးဖရဲလက်ကျန်များသာ ဝင်ရောက်ကြောင်း မူဆယ် (၁၀၅) မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှ တာဝန်ခံ ဒေါ်ရီရီခိုင်ကပြောသည်။ “သွားတော့သွားနေတယ် ဒီရက်ပိုင်း ဖရဲကားတောင်မရှိဘူး။ အခုက လက်ကျန် မိုးသီးပဲသွားနေတယ်။ တရုတ်ဘက်က ဈေးမရဘူးလို့လဲ ပြောကြတယ်။ လေး၊ ငါးရက်နေမှ တစ်စီးလာ

နှစ်စီးလာပဲရှိတယ် လောလောဆယ်တော့ ရာသီချိန်က ၁၀လပိုင်းကျော်မှ စမှာဆိုတော့ အခုက မိုးသီးလက်ကျန် လိုပဲ သွားနေတယ် ထင်တယ်” ဟု ဒေါ်ရီရီခိုင်က ပြောသည်။

လက်ရှိ ကိုဗစ်ပိုးတွေ့ရှိမှုကြောင့် တရုတ်ပြည်မှ ရွှေလီ၊ ဝမ်တိန်နယ်စပ်ဂိတ်တွင် မကြာခဏလော့ဒေါင်းများ ချမှတ်လျက်ရှိကြောင်းသိရသည်။ “တရုတ်ပြည် မရောက်ခင်အထိကို ကုန်ကျစရိတ်တွေများနေတာ၊ အခုထိက ရွှေလီကော ဝမ်တိန်ကော အခု လော့ဒေါင်းတွေ ဖြစ်နေတော့ ဝယ်လက်တွေက ပါးနေတယ်။ ဈေးတွေကလဲ မရဘူးဖြစ်နေတယ်” ဟု သစ်သီးကုန်သည်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့်သစ်သီးများကို တရုတ်နိုင်ငံသို့တင်ပို့ရာတွင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးစခန်းမှ အဓိကအများဆုံး တင်ပို့နေကြောင်းသိရသည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ သီးနှံ ၂၅ မျိုးကို အဓိကထား တင်ပို့နေခြင်း ဖြစ်ကြောင်း သိရသည်။ လက်ရှိဈေးကွက် မရရောမှုများကြောင့် သစ်သီးဝလံတောင်သူများက စိုက်ပျိုးထုတ်လုပ်မှုကို လျှော့ချရမည့် အနေအထားကို ရောက်ရှိနေကြောင်းလည်း သိရသည်။

**AMIA**

**Source:** htwettoe

## အိန္ဒိယ၌ စပါးရိတ်ချိန်မတိုင်မီ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ကောက်ပဲသီးနှံများပျက်စီး၊ စားသောက်ကုန်ဈေးနှုန်း မြင့်တက်နိုင်

အိန္ဒိယနိုင်ငံ၌ စပါးရိတ်ချိန်မတိုင်မီ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ကောက်ပဲသီးနှံများ ပျက်စီးမှုများပြားသည့် အတွက် စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်းသိရသည်။ ထိုသို့ စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာပါက ဆန်စပါး၊ ဂျုံ၊ သကြားကဲ့သို့ စားသောက်ကုန်များကို ပြည်ပသို့တင်ပို့မှု တားမြစ်ခံရနိုင်ကြောင်းနှင့် ဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းကို နောက်တစ်ကြိမ် တိုးမြှင့်ရနိုင်ကြောင်း ကုန်သည်များနှင့် တာဝန်ရှိသူများက ပြောသည်။

အိန္ဒိယနိုင်ငံ၏ ဒုတိယအကြီးဆုံး စပါးကျီအဖြစ် သတ်မှတ်ခံထားရသည့် နိုင်ငံမြောက်ပိုင်းရှိ အွတ်တာပရာဒေ့ ပြည်နယ်သည် အောက်တိုဘာလအတွင်း ပုံမှန်ထက် ၅၀၀ ရာခိုင်နှုန်း ပိုများသည့် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့်ရင်ဆိုင် နေရသည်။

အလားတူ ပတ်ဝန်းကျင်ပြည်နယ်များဖြစ်သည့် မတ်ဒီရာပရာဒေ့၊ အနောက်ဘင်္ဂေါ၊ ဟာယာနာနှင့် ရာဂျက်စသန် ပြည်နယ်တို့သည်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် တွေ့ကြုံထားရသည့်အတွက် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံး ကြောင်း ကုန်သည်များက ပြောသည်။

ထိုသို့ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ကောက်ပဲသီးနှံအထွက်နှုန်း လျော့ကျနိုင်သည့်အပြင် အရည်အသွေး လည်း ညံ့ဖျင်းနိုင်ကြောင်း၊ အချို့နေရာများတွင် ကောက်ပဲသီးနှံများကို ရိတ်သိမ်းပြီး အခြောက်ခံနေစဉ် မိုးသည်းထန်စွာ ရွာသွန်းခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အိန္ဒိယလယ်သမားများသည် ဇွန်၊ ဇူလိုင်လတွင် ကောက်ပဲသီးနှံများကို စိုက်ပျိုးပြီး စက်တင်ဘာလလယ်တွင် ရိတ်သိမ်းလေ့ရှိသော်လည်း ယခုနှစ်တွင်မူ မိုးနောက်ကျသည့်အတွက် အောက်တိုဘာလရောက်မှသာ ရိတ်သိမ်းရန် စီစဉ်ထား ရခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/31296

## ပို့ကုန်ပဲများအပါအဝင် ပြည်တွင်းသုံးကုလားပဲများ ဈေးအနည်းငယ်ပြန်တက်လာ

အောက်တိုဘာလဆန်းပိုင်းတွင် ဒေါ်လာငွေလဲလှယ်နှုန်းများ ပြန်လည်မြင့်တက်လာခြင်းကြောင့် ပို့ကုန်ပဲများအပါအဝင် ပြည်တွင်းသုံးကုလားပဲများ ဈေးအနည်းငယ်ပြန်လည် မြင့်တက်လာသည်။ စက်တင်ဘာလကုန်ပိုင်းက ရွှေနှင့် ငွေဈေးများ ကျဆင်းနေခဲ့ရာက ယခု ပြန်လည်မြင့်တက်လာချိန်တွင် ဈေးကျဆင်းနေသည့် ပဲနှမ်းဈေးကွက်မှာ ပြန်လည်ကောင်းမွန်လာ

ခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။ "ပို့ကုန်ပဲတွေ ဈေးကျဆင်းနေရာကနေ အနည်းငယ်ပြန်တက်မယ့် အခြေအနေတွေ ရှိနေပါတယ်။ ပြည်တွင်းသုံး ဗိုတူး ကုလားပဲဆိုရင် တစ်အိတ် ကျပ် ၁၈၀,၀၀၀ ထိ ကျဆင်းနေရာကနေ အောက်တိုဘာ ၆ ရက်မှာတော့ တစ်အိတ်ငွေကျပ် ၁၉၀,၀၀၀ ကို ပြန်ရောက်လာပါတယ်။ ငွေချေမှုပုံစံ တစ်လဆိုင်းဆိုရင် တစ်အိတ်ကျပ် ၁၉၅,၀၀၀ ပေါက်ဈေးရှိနေပါတယ်။ ဒေါ်လာဈေး ပြန်တက်လာချိန်မှာ ပဲဈေးကွက် ပြန်ကောင်းလာပါတယ်။

"ပို့ကုန် ပဲတွေက ရွှေဈေးတွေ ကျဆင်းလာမှုထက် ဒေါ်လာဈေးတက်လာရင် အရောင်းအဝယ်သွက်လာတာပါ။ အခုကတော့ ပေါက်တဲ့ဈေးနဲ့ ခပ်သွက်သွက် အရောင်းအဝယ်ဖြစ်နေရင် အဆင်ပြေကြတာပါ။ ပဲဈေးကွက်တစ်ခုလုံးက ကုန်သွယ်မှုဝါဒပြောင်းလဲမှုလုပ်မှသာ အဆင်ပြေမယ်။ ယခုထက်ပို လုပ်သာကိုင်သာရှိအောင် ပြောင်းလဲဖို့ လိုပါတယ်။ ပို့ကုန် သဘာဝအရ ပို့ကုန်ပဲတွေဆိုတာကတော့ ဒေါ်လာဈေးကောင်းရင် အရောင်းအဝယ်ကောင်းလာတဲ့ သဘောပါ။ ဒေါ်လာဈေး ကျရင် ဈေးဆင်းသွားတာပါ"ဟု ၎င်းက ပြောသည်။ ပို့ကုန်ပဲများ ဈေးအနည်းငယ် မြင့်တက်လာသော်လည်း မြေပဲဆန်များမှာမူ အသစ်ဝင်ရောက်မှု များပြားသကဲ့သို့ တဖက်တွင် စားဆီဈေးနှုန်းများလည်း ကျဆင်းနေခြင်းကြောင့် ဈေးနှုန်းကျဆင်းလျက် ရှိသည်။

**မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ**

ပြည်တွင်းဒေါ်လာဈေး ပြန်ကောင်းလာခြင်းကြောင့် အောက်တိုဘာ ၆ ရက်တွင် မတ်ပဲတစ်အိတ် ကျပ် ၁၈၂,၀၀၀၊ ပဲစင်းငုံတစ်အိတ် ကျပ် ၁၈၇,၀၀၀ ဈေးရှိနေသည်။ ပဲတီစိမ်းအညာမှာ သုံးတင်းဝင်တစ်အိတ်ကျပ် ၁၄၃,၀၀၀ ပေါက်ဈေးဖြင့် အရောင်းအဝယ် ပြန်သွက်နေသည်။

**မြေပဲ**

ပြည်တွင်း စားဆီဈေး ကျဆင်းလာမှုနှင့်အတူ ဈေးကွက်အတွင်း အသစ်ဝင်ရောက်မှု များပြားနေသဖြင့် ပို့ကုန်မြေပဲ S1 လုံးဆံ တစ်ပိဿာ ကျပ် ၅၄၀၀ ၊ အနီလုံးဆံ တစ်ပိဿာကျပ် ၅,၄၀၀ ဖြင့် တစ်ပိဿာလျှင် ကျပ် ၂၀၀ ခန့် အသီးသီး ကျဆင်းသွားသည်။ ပဲမာလိုင်းများအနေဖြင့်မူ အောက်တိုဘာ ၆ ရက်တွင် ပဲကြီးတစ်အိတ် ကျပ် ၂၅၀,၀၀၀၊ ပဲထောပတ် ကျပ်၁၆၈,၀၀၀ ၊ စွန်တာပြာ ကျပ် ၁၆၅,၀၀၀၊ မြေထောက်ပဲကျပ် ၂၄၀,၀၀၀ နှင့် ကျွန်းစားတော်ပဲတစ်အိတ် ကျပ် ၃၆၀,၀၀၀ ပေါက်ဈေးရှိနေသည်။

Source: Myanma Awba

## ၂၀၂၂ ခုနှစ်တွင် မျှော်မှန်းထားသည်ထက် ဆန်ပိုမိုတင်ပို့နိုင်မည်ဟု ဗီယက်နမ်ခန့်မှန်း

ယခုနှစ်အစောပိုင်းတွင် သယ်ယူပို့ဆောင်ရေးစရိတ်များ မြင့်မားလာခြင်းနှင့်အတူ ဈေးကွက်အတွင်း ဆန်ရောင်းဝယ်နိုင်ရန် အခက်အခဲများ ကြုံတွေ့လာရသည့်အတွက် ဆန်အပါအဝင် အခြေခံစားသောက်ကုန် ဈေးနှုန်းများ မြင့်တက်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ် မတ်လမှစတင်၍ ငွေကြေးဖောင်းပွမှုကြောင့် စီးပွားရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်လာပြီး ကုန်စည်ဈေးကွက်သည် လည်းအတက်အကျများ ဖြစ်ပေါ်လျက်ရှိပါသည်။

ကမ္ဘာ့ဈေးကွက်တွင် လယ်ယာထွက်ကုန်ဈေးနှုန်းများ မြင့်တက်လာပြီးသည့်နောက်တွင် ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်ဆန်ဈေးနှုန်းများလည်း သိသိသာသာ မြင့်တက်လာပါသည်။ ဗီယက်နမ်၏ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ဆန်ဖြူဈေးသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၃ ဖြင့် တင်ပို့လျက်ရှိပြီး ယခုနှစ်အစပိုင်းကထက် ၁၀ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့ခြင်း ဖြစ်ပါသည်။

ဆန်ဈေးတည်ငြိမ်မှုသည် ပို့ကုန်လုပ်ငန်းရှင်များက လယ်သမားများထံမှ ဝယ်ယူသည့်အပေါ် မူတည်သော်လည်း နွေစပါးရိတ်သိမ်းချိန် ပြီးဆုံးပြီဖြစ်သည့်နောက် ထပ်မံရိတ်သိမ်းရန် စောင့်ဆိုင်းရမည့် နှစ်လခန့်အတွင်း ပြည်တွင်းဈေးကွက်အတွင်း ဆန်ရရှိမှုမှာ နည်းပါးသွားခဲ့ပါသည်။

ဗီယက်နမ်အကောက်ခွန်ဦးစီးဌာန၏ အချက်အလက်များအရ ၂၀၂၂ ခုနှစ် အစပိုင်းမှ စက်တင်ဘာလအထိ ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် တန်ချိန် ၅ သန်းကျော်ရှိခဲ့ပြီး ကာလတူ နှိုင်းယှဉ်ချက်အရ ယခင်နှစ်ထက် ၁၉ ရာခိုင်နှုန်း မြင့်တက်လာခြင်း ဖြစ်ပါသည်။ ပို့ကုန်တင်ပို့မှုချည်း အမေရိကန်ဒေါ်လာ ၂.၄၄ ဘီလီယံ ရောက်ရှိခဲ့ပြီး ကာလတူနှိုင်းယှဉ်ချက်အရ ယခင်နှစ်ထက် ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၂၂ ခုနှစ် စီမံချက်အရ ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုကို တန်ချိန် သန်းပေါင်း ၆.၃ မှ ၆.၅ အထိ တင်ပို့နိုင်ရန် လျာထားပြီး ၂၀၂၁ ခုနှစ်ထက် တန်ချိန် ၁၀၀,၀၀၀ မှ ၂၀၀,၀၀၀ ထိ တိုးမြှင့် လျာထားခြင်းဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်၏ ကျန်ရှိသော ၄ လအတွင်း ဆန်ကို တန်ချိန် သန်းပေါင်း ၁.၅ မှ ၁.၇ အထိ တင်ပို့နိုင်ရန် လျာထားပြီး လက်ရှိဈေးကွက် အခြေအနေအရ လျာထားချက်ထက် ကျော်လွန်တင်ပို့နိုင်မည်ဟု ခန့်မှန်းထားပါသည်။ ဆန်ဈေးကွက်သည် ၂၀၂၂ ခုနှစ်၏ စတုတ္ထသုံးလပတ်ကာလမှ ၂၀၂၃ ခုနှစ်၏ အစပိုင်းကာလများတွင် ကောင်းမွန်လျက်ရှိသော်လည်း ဆန်ဈေးကွက်၏ ၉၀ ရာခိုင်နှုန်းခန့်ကို ထုတ်လုပ်ဖြည့်ဆည်းပေးလျက်ရှိသော အာရှနိုင်ငံအများအပြားတွင် ဆိုးရွားသည့် ရာသီဥတုအခြေအနေများ ဖြစ်ပေါ်လျက်ရှိသောကြောင့် ဆန်ပြတ်လပ်မှု အခြေအနေများ ရှိလာနိုင်ကြောင်း သိရှိရပါသည်။

ကမ္ဘာ့ဈေးကွက်တွင် ဆန်အများဆုံးတင်ပို့သူ အိန္ဒိယနိုင်ငံက ပို့ကုန်တားမြစ်ကြောင်း ကြေညာခဲ့ပြီး လာမည့်နှစ်တွင် တရုတ်က ဆန်တန်ချိန် ၆ သန်းခန့် တင်သွင်းမည်ဟု ခန့်မှန်းလျာထားပြီးဖြစ်သည့်အတွက် ဗီယက်နမ်အတွက် ဆန်တိုးမြှင့် တင်ပို့ရန် အခွင့်အရေးတစ်ရပ် ဖြစ်လာနိုင်ပါသည်။

ဆန်သည် လူနေမှုဘဝတွင် နေ့စဉ်စားသုံးနေရသည့် အဓိကအစားအစာဖြစ်ခြင်းကြောင့် စီးပွားရေးတည်ငြိမ်မှုအပေါ် လိုက်၍ ဈေးကွက်အတွင်း ဝယ်လိုအားကျဆင်းတတ်သော အခြားကုန်စည်များကဲ့သို့ ထိခိုက်နစ်နာမှုများ သိသိသာသာ မတွေ့ရှိရဘဲ ဝယ်လိုအားတည်ငြိမ်သည့် ဈေးကွက်တစ်ခု ဖြစ်ပါသည်။ လက်ရှိတွင် ဆန်ပြတ်လပ်ရှားပါးနိုင်သည့် အခြေအနေ နှင့်အတူ ကမ္ဘာ့ဆန်ဈေးနှုန်း ကြီးမြင့်လာလျက်ရှိပြီး ဗီယက်နမ်၏ ဆန်တင်ပို့ရာတွင်လည်း လက်ရှိဈေးနှုန်းထက် ပိုမိုမြှင့်တင် နိုင်သည့် အခြေအနေကောင်းတစ်ရပ်အဖြစ် တွေ့ရှိရပါသည်။

လဲ့လဲ့နှင်း (MYANTRADE)

https://myantrade.gov.mm/article/%E1%81%82%E1%81%80%E1%81%82%E1%81%82%20%

## စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၆ ရက်နေ့အတွင်း ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်၏ ကုန်စည်ဒိုင်ဈေးနှုန်းများ

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အာလူး တစ်ပိဿာ ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၁၄၀၀၊ အောင်ပန်း OK ကျပ် ၁၄၅၀၊ အောင်ပန်း S1 ကျပ် ၁၅၀၀၊ အောင်ပန်း S2 ကျပ် ၂၀၀၀ နှင့် တရုတ်အာလူး ကျပ် ၁၉၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တရုတ်အာလူး ကျပ်၃၀၀၊ အောင်ပန်း A1 ကျပ် ၁၀၀၊ အောင်ပန်း OK ကျပ် ၁၀၀၊ အောင်ပန်း S1 ကျပ် ၁၀၀ အသီးသီး ဈေးမြင့်တက်ခဲ့ပြီး ကျန်အာလူးမှာ ဈေးငြိမ်လျှက် ရှိကြောင်းသိရသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၆၉ ( ၄၁၄၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၆၈ စီး (၄၀၈၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သော ကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၁ စီး ( ၆၀၀၀ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိတ်ဖြူနှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ တစ်ပိဿာ ဈေးနှုန်းများမှာ ဆိတ်ဖြူရှယ်(သစ်) ကျပ် ၂၇၅၀ ၊ ဆိတ်ဖြူလတ်ကြီး ကျပ် ၂၇၅၀ ၊ ဆိတ်ဖြူလတ်သန့် ကျပ် ၂၆၅၀ ၊ ဆိတ်ဖြူ လတ်ချော ကျပ် ၂၄၀၀ ၊ မြင်းခြံ ရှယ်(သစ်) ကျပ် ၃၄၀၀ ၊ မြင်းခြံလတ်ကြီး ကျပ် ၃၃၀၀ ၊ မြင်းခြံလတ်သန့် ကျပ် ၃၂၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၂၉၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိတ်ဖြူရှယ်(သစ်) ကျပ် ၁၀၀ ၊ ဆိတ်ဖြူလတ်ကြီး ကျပ် ၁၀၀၊ ဆိတ်ဖြူလတ်သန့် ကျပ် ၁၀၀ ၊ ဆိတ်ဖြူလတ်ချော ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး၊ မြင်းခြံရှယ်(သစ်) ကျပ် ၅၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၄၀၀၊ မြင်းခြံလတ်သန့် ကျပ် ၄၀၀ ၊ မြင်းခြံလတ်ချော ကျပ် ၃၀၀ အသီးသီး ဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၁၈ စီး (၇၀၈၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၄၆ စီး ( ၈၇၆၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင် အပတ်ထက် ကြက်သွန်နီကားစီးရေ ၂၈ စီး (၁၆၈၀၀၀ပိဿာ) ပိုမိုဝင်ရောက်ခဲ့ ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့် အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက် လျက်ရှိရာ ကြက်သွန်ဖြူ တစ်ပိဿာ ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၃၈၅၀၊ အောင်ပန်း ထူး-၂ ကျပ် ၂၈၀၀၊ အောင်ပန်း ထူး-၃ ကျပ် ၃၄၀၀၊ အောင်ပန်း ထူး-၄ ကျပ် ၃၆၀၀ နှင့် အောင်ပန်း ထူး-၅ ကျပ် ၃၉၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၂၅၀ ဈေးကျဆင်းခဲ့ပြီး ကျန်ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ် ၃၀၀ (၉၃၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၂၅၀၀ ( ၇၅၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူ အိတ် ၆၀၀ ( ၁၈၀၀၀ ပိဿာ ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲFAQ/RC(2022 Crop) ကျပ် ၁၈၈၅၀၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၂၂၂၅၀၀၀ နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၂၀၇၅၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2022 Crop) ကျပ် ၆၅၀၀၀ ၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၈၅၀၀၀ နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၁၀၀၀၀၀ ဈေးကျဆင်းခဲ့ကြောင်း သိရသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/ RC(2022 Crop) ကွန်တိန်နာ ၁၀၅ လုံး( တန်ချိန် ၂၅၂၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/ RC(2022 Crop) ကွန်တိန်နာ ၂၅ လုံး( တန်ချိန် ၆၀၀) နှင့် မတ်ပဲ SQ/RC (2022 Crop) ကွန်တိန်နာ ၅ လုံး( တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် စုစုပေါင်းကွန်တိန်နာ ၇၅ လုံး (တန်ချိန် ၁၈၀၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရေတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သောရေတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲရေတ် ( သစ် ) AC ကျပ် ၁၉၀၀၀၊ မြွားနီ ဟသ်ာတ (သစ်) AC ကျပ် ၁၉၀၀၀၊ မိုးထောင်ပျော်ဘွယ် ကျပ် ၁၇၀၀၀ ၊ ဆင်ဖြူကျွန်း(ပု)ဟောင်း ကျပ် ၁၄၀၀၀၊ မြစ်ဝ (ပု) ကျပ် ၁၉၀၀၀၊ ကျောက်ဆည်ဒီမွန် ကျပ် ၁၇၀၀၀ နှင့် စိမ်းစား ကျပ် ၁၈၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြွားနီဟသ်ာတ(သစ်) AC ကျပ် ၅၀၀ ဈေးနှုန်းမြင့်တက်ခဲ့ပြီး မိုးထောင် (ပျော်ဘွယ်) ကျပ် ၂၀၀၀ နှင့် ကျောက်ဆည် ဒီမွန် ကျပ် ၂၀၀၀ ဈေးကျဆင်းခဲ့သည်။ ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။ ယခင် အပတ်က ကုန်စည်ဒိုင်သို့ ရေတ်ရှည် အိတ်ပေါင်း ၂၁၀၀ ( ၅၀၄၀၀ ပိဿာ ) နှင့် ရေတ်ပုအိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရေတ်ရှည် အိတ်ပေါင်း ၂၅၀၀ ( ၅၀၀၀၀ ပိဿာ ) နှင့် ရေတ်ပုအိတ်ပေါင်း ၃၀၀ (၄၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင် အပတ်ထက် ရေတ်ရှည် အိတ်ပေါင်း ၄၀၀( ၈၀၀၀ ပိဿာ ) နှင့် ရေတ်ပုအိတ် ပေါင်း ၂၀၀ ( ၃၀၀၀ ပိဿာ ) ပိုမိုဝင်ရောက်ခဲ့ ကြောင်း သိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ်၂၂၀၀ နှင့် မန်ကျည်းအသား (သစ်) ကျပ် ၄၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးဈေးမှာ ငြိမ်လျက်ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင် (ဒိုး) ကျပ် ၃၁၅၀၊ ညောင်ဦးဆေးရှယ်ထန်း ကျပ် ၃၇၀၀၊ ညောင်ဦးဆေးရှယ် ထန်းရော ကျပ် ၂၅၀၀၊ ပခုက္ကူကြမ်း ကျပ် ၃၃၀၀၊ ရေစကြိုထန်းလျက် ကျပ် ၃၇၅၀၊ ကြံသကာ အိတ်သွတ်စ ကျပ် ၂၆၀၀ နှင့် သကြား (ပြည်တွင်း) ကျပ် ၂၅၃၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာမလိုင် (ဒိုး) ကျပ် ၅၀၊ ပခုက္ကူကြမ်း ကျပ် ၅၀ နှင့် သကြား (ပြည်တွင်း) ကျပ် ၃၀ ဈေးကျဆင်းခဲ့ပြီး ကြံသကာ အိတ်သွတ်စမှာ ကျပ် ၂၀၀ ဈေး မြင့်တက်ခဲ့သည်။ ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိကြောင်း သိရသည်။

**Source:** ရန်ကုန်ကုန်သွယ်မှုဇဟိုဌာန

# STOCK EXCHANGE (12.10.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 12th Oct. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,600 | +200 | +2.13% | 9,400 | 9,600 | 9,400 | 902 | 8,480,800 | 33,109,694 | 317,853 |
| MTSH | 00002 | 3,550 | +0 | +0.00% | 3,550 | 3,550 | 3,550 | 323 | 1,146,650 | 38,929,150 | 138,198 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,900 | 7,900 | 7,800 | 26 | 203,400 | 10,400,986 | 81,128 |
| FPB | 00004 | 21,000 | +0 | +0.00% | 21,000 | 21,000 | 21,000 | 100 | 2,100,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 12,823,224 | 35,905 |
| EFR | 00006 | 2,750 | +50 | +1.85% | 2,750 | 2,750 | 2,750 | 565 | 1,553,750 | 19,977,223 | 54,937 |
| AMATA | 00007 | 5,000 | -200 | -3.85% | 5,100 | 5,100 | 5,000 | 523 | 2,628,000 | 10,497,598 | 52,488 |


## Market summary

As of 12th Oct. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 421.03 | +3.18 | +0.76% | 417.85 | 421.63 | 417.22 | 2,439 | 16,112,600 | 7 | 732,422 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 12th Oct. 2022

| MYANPIX | 421.03 ▲ 3.18 |
|---|---|
| Total Volume (shares) | 2,439 |
| Total Value (MMK) | 16 mil |
| Listed Company | 7 |
| Market Cap. (MMK) | 732,422 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,600 | ▲ 200 |
| MTSH | 00002 | 3,550 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 21,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,750 | ▲ 50 |
| AMATA | 00007 | 5,000 | ▼ 200 |